ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ပညာရေးဝန်ကြီးဌာန
https://moe.nugmyanmar.org
ကြေညာချက်အမှတ် (၄/၂၀၂၄)
၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်နေ့
(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)

ကြားကာလ အခြေခံပညာပြည်သူ့ပညာရေးကျောင်းအဖြစ် အသိအမှတ်ပြုခြင်းဆိုင်ရာ သဘောထားထုတ်ပြန်ချက်

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနသည် ကြားကာလအခြေခံပညာပြည်သူ့ပညာရေးကျောင်းများအဖြစ် အသိအမှတ်ပြုခြင်းဆိုင်ရာ ကိစ္စရပ်အတွက် ၂၀၂၂ ခုနှစ် မေလ(၂၆)ရက်နေ့စွဲပါ ကြေညာချက်အမှတ်(၈/၂၀၂၂)ဖြင့် ပြည်သူ့ပညာရေးကျောင်း အသိအမှတ်ပြုမူဝါဒ ထုတ်ပြန်ကြေညာခဲ့ပြီး ပညာရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနတို့မှ ထုတ်ဝေသော Information and Technology Security Guidelines ကိုလည်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ပြည်သူ့ပညာရေးကျောင်း အသိအမှတ်ပြုမူဝါဒ(၁၁)ချက်နှင့် ကိုက်ညီပြီး Information and Technology Security Guidelines ကို လိုက်နာဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပြုထားသော ကြားကာလ အခြေခံပညာပြည်သူ့ပညာရေးကျောင်းများကို အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးထားပြီး ကြားကာလအခြေခံပညာရေးယန္တရားများကို ပညာရေးဝန်ကြီးဌာနနှင့်အတူ ချိတ်ဆက်လက်တွဲပြီး CDM ကျောင်းသား၊ ကျောင်းသူများအတွက် ဆောင်ရွက်ပေးနေကြပါသည်။

၃။ စစ်အာဏာရှင်ကို တွန်းလှန်တိုက်ပွဲဝင်နေကြသည့်အချိန်ဖြစ်သည့်အတွက် ပညာသင်ယူခွင့် ဆုံးရှုံးနေသော CDM ကျောင်းသား၊ ကျောင်းသူများအတွက် ကြားကာလပညာသင်ယူခြင်းများ ဆောင်ရွက်ရာတွင် ပြည်သူများ၊ ကျောင်းသားမိဘများ၏ ထည့်ဝင်လှူဒါန်းမှုဖြင့် လည်ပတ်သော အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်ခြင်းကိုသာ ပညာရေးဝန်ကြီးဌာနမှ ရပ်တည်တိုက်တွန်းအားပေး၍ လက်တွဲဆောင်ရွက်လျက်ရှိပါသည်။ အခကြေးငွေသတ်မှတ်ကောက်ခံ၍ အကျိုးအမြတ်ရယူဆောင်ရွက်နေကြသော အခြေခံပညာသင်ကျောင်းများကို ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုခြင်း မရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပညာရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ